

# သမိုင်းမှာထိပ်တိုက်တွေ့အောင်ဘယ်သူကလုပ်တာလဲ

ဒီကနေ့ နအဖ အကြောက်ဆုံးသော အချက်တချက်မှာ အတိုက်အခံတွေဘက်က ထိပ်တိုက်တွေ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဘက်က လိုက်လျောရမယ့် အချက်တွေထဲမှာ "ထိပ်တိုက် တွေ့ရေးကို စွန့်လွှတ်ပါမယ်"ဆိုတာကို အသေအချာထည့်ထားတာဖြစ်ပါတယ်။

ထိပ်တိုက်တွေ့တယ်ဆိုတာ ဘာလဲ။ အားနည်းတဲ့လူနဲ့ အားကြီးတဲ့လူလို့ရှိတာမှာ အားနည်းတဲ့လူက ပုခုံးချင်းလိုက်တိုက် နေတယ်ရယ်လို့ ရှိပါသလား။ ဗမာပြည်သမိုင်းမှာရော အုပ်စိုးခံ၊ အဖိနှိပ်ခံလူတန်းစားက ဖိနှိပ်သူ၊ အုပ်စိုးသူတွေကို ပုခုံးချင်းလိုက် တိုက်တယ်လို့ ရှိခဲ့ပါသလား။ လမ်းပေါ်မှာ ဆန္ဒပြတာဟာ ခြေဆုံးခေါင်းဆုံး ခေတ်မီ လက်နက်တွေတပ်ထားတဲ့ ရှစ်ခေါဘဏီတပ်ကြီးကို နားရွက်တံတွေးဆွတ်တယ်လို့ ဆိုနိုင်ပါသလား။ ဟုတ်တယ်လို့ ပြောတာဟာ အုပ်စိုးသူ၊ ဖိနှိပ်သူဘက်က ဖိနှပ်ချင်၊ ဖြို့ခွဲချင်လို့၊ နှံပြီစုတ်ကို အမြောက်နဲ့ပစ်ချင်လို့ ဆင်ခြေပေးတာသာဖြစ်ပါတယ်။

တကယ်က ဗမာနိုင်ငံရဲ့လွတ်လပ်ရေးဒီဘက်သမိုင်းမှာ အုပ်စိုးသူဘက်ကချည့်စ သေနတ်ဖောက်ခဲ့တာပါ။ ပြန်ပြောပါမယ်၊ သေနတ်စဖောက်ခဲ့တာပါ။ ဆိုလိုတာ စစ်တပ်ရဲ့အခန်းပါခဲ့တာပါ။

၁၉၄၈ခုနှစ်မှာ လွတ်လပ်ရေးရတယ်ဆိုတာနဲ့၊ တနည်း– အာဏာရတယ်ဆိုတာနဲ့ တန်းပြီးအာဏာပြတာ၊ ထိပ်တိုက်တွေ့ ပြတာဟာ မတ်လ ၁၂ရက်နေ့မှာဆိုရှယ်လစ်ပါတီကလူတွေ လုပ်ခဲ့တဲ့သတင်းစာတိုက်တွေကို ဖျက်ဆီးတဲ့ကိစ္စပါပဲ။ ဒါဟာ ဒီမိုကရေစီကို ငါတို့ထင်သလိုအဓိပ္ပာယ်ဖွင့်မယ်၊ ရှုံ့ချည်၊ နှပ်ချည်လုပ်မယ်လို့ ကြေငြာတာဖြစ်သလို အမြီးရှိတဲ့အကောင်တွေအားလုံး ရိပ်မိကြဆိုပြီး တပြည်လုံးကိုခြိမ်းခြောက်လိုက်တာဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီက ဘာလို့အဲဒီလိုလုပ်ရဲတာလဲ။ ဝန်ကြီးချုပ်ဦးနု ကိုတောင် ဘေးချိတ်ပြီးလုပ်ရဲတာရဲ့ အဓိကအကြောင်းက သူတို့ဟာ စစ်တပ်နောက်ခံရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယုံကြည်ထားလို့ ဖြစ်ပါတယ်။

အလားတူပဲ၊ လွတ်လပ်ပြီး ၃လမှမပြည့်မီ တပြည်လုံးရှိကွန်မြူနစ်တွေကို အလစ်အငိုက်ယူပြီး ဖမ်းဆီးနှိပ်ကွပ်တယ်ဆိုတာဟာလည်း အုပ်စိုးသူတွေဘက်ကစပြီး ထိပ်တိုက်ချတာဖြစ်ပါတယ်။ ဖဆပလအစိုးရဟာ ဘာဖြစ်လို့ ကွန်မြူနစ်တွေကို ဒီလိုနှိပ်ကွပ်တယ်ဆိုတာကို ဘယ်တုန်းကမှ ရေရေရာရာ တိတိကျကျ တရားဝင်မပြောခဲ့ပါဘူး။ တခါတလေများ သူတို့ဘာမှမလုပ်မိ သလိုလိုတောင် လုပ်နေပါတယ်။

လွတ်လပ်ရေးဒီဘက်မှာ အနှစ်၄၀မရှိတဲ့ သမိုင်းအတွင်း သုံးကြိမ်တောင်ဖြစ်ခဲ့တဲ့ အာဏာသိမ်းမှုတွေကို ပြန်ကြည့်ပါ။ ၁၉၅၈ ခုနှစ်အာဏာသိမ်းပွဲဟာ သန့်ရှင်းဖဆပလဦးနုက ပါလီမံထဲမှာတည်မြဲဆိုရှယ်လစ်အုပ်စုကို ပမညတ – သူတို့အခေါ်မြေပေါ်ကွန်မြူနစ်– ထောက်ခံမှုနဲ့ အနိုင်ရလိုက်တဲ့အတွက် ဆိုရှယ်လစ်ပါတီက စစ်ဗိုလ်တွေဖြစ်တဲ့ ဗိုလ်နေဝင်း၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့က အာဏာသိမ်းတာဖြစ်ပါတယ်။ ဒါဟာ ပါလီမံဒီမိုကရေစီကို စစ်တပ်ကအင်အားသုံးပြီး ပြောင်မထေမဲ့မြင်ပြုတာ၊ ပြောင်စိမ်ခေါ်တာ၊ ပြောင်ထိပ်တိုက်တွေ့တာပါပဲ။ အဲဒီတုန်းက အင်အားသုံးတဲ့သဘောပါတာ ဘာမှပြန်မလုပ်တဲ့ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေကို ထောင်တွေထဲထည့်၊ ကိုကိုးကျွန်းပို့၊ စစ်တပ်တွင်းသုံးထောက်လှမ်းရေး အဖွဲ့အစည်းကို အရပ်ဘက်သုံးဖို့တိုးချဲ့၊ နောက်ပြီး ထောက်လှမ်းရေးစခန်းတွေမှာနှိပ်စက်၊ ဒါတွေဟာ ဘယ်သူ့ဘက်က ထိပ်တိုက်တွေ့ခဲ့တာတွေလဲ။

ပြည်တွင်းစစ်တလျှောက်လုံးမှာ တဘက်ကငြိမ်းချမ်းရေးကိုကြွေးကြော်တင်ပြနေပြီး ပြည်သူတွေကလည်း ပြည်တွင်းငြိမ်းချမ်း ရေးကိုတကျော်ကျော်တောင်းဆိုနေချိန်မှာ အပြုတ်တိုက်ရေးကိုသာဖိအော်ရင်း ထိုးစစ်ကြီးတွေဆင်နေတာကရော– ထိပ်တိုက်တွေ့ တာပဲမဟုတ်ဘူးလား။

၁၉၆၂ခုနှစ် အာဏာသိမ်းပွဲကိုလည်း ပြန်စဉ်းစားကြည့်ပါ။ ဗိုလ်နေဝင်းနဲ့စစ်တပ်ဟာ သူတို့ ကြီးမှူးကျင်းပပေးခဲ့တဲ့ ၁၉၆၀ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရခဲ့တဲ့ ပထစအစိုးရရဲ့လက်ထဲက ပြန်အာဏာသိမ်းခဲ့တာ မဟုတ်လား။ ဒါဟာ သူတို့ လိုလားတဲ့ ဖဆပလတွေအနိုင်မရလို့ သိမ်းတာမှန်းလူတိုင်းသိပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲ ရလာဒ်အပေါ် နဝတ–နအဖ ဘယ်လို သဘောထားတယ်ဆိုတာနဲ့ နှိုင်းယှဉ်မကြည့်သင့်ဘူးလား။ ၉၀ ခုနှစ်



ရွေးကောက်ပွဲမှာ တစည သာအနိုင်ရခဲ့ရင် ဒီနေ့အခါမှာ နအဖဆိုတာ တည်ရှိမှာမဟုတ်ပါဘူး။ အဲဒီတုန်းက ဗိုလ်နေဝင်းတို့ လက်ညှိုးထိုးပြခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ လှုပ်ရှားမှု ဆိုတာဟာလည်း တရားဥပဒေဘောင်ထဲမှာ ဒီမိုကရေစီနည်းကျစွာ ကျင်းပတဲ့အစည်းအဝေးသာ ဖြစ်ပါတယ်။ စစ်အုပ်စုက သူတို့ အာဏာသိမ်းချင်တာနဲ့ ဒါကို အကြောင်းပြတာဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်နဲ့ ကိုယ်စားလှယ်တွေဟာ အဲဒီတုန်းက အစိုးရကို ထိပ်တိုက်တွေ့ဖို့ စကားတခွန်းမှမပြောပါဘူး။ ဗိုလ်နေဝင်းကသာ ခေား–ခေားချင်း၊ လုံ–လုံချင်းကြိမ်းတာပါ။

၁၉၈၈ခုနှစ်တုန်းကအဖြစ်အပျက်ကို ပြန်စဉ်းစားကြည့်ပါ။ ကျောင်းသားတွေ၊ ပြည်သူတွေကို ဒီလို အလုပ်ပျက်အကိုင်ပျက်ခံပြီး လမ်းပေါ်တက်စေခဲ့တာဟာ ဘယ်သူလဲ။ ကိုဖုန်းမော်ကိုသာ သေနတ်နဲ့မပစ်ခဲ့ရင် ဒီလိုဖြစ်မတဲ့လား။ တံတားဖြူမှာသာ ကျောင်းသူ ကျောင်းသားတွေကို မသတ်ခဲ့ရင် သာမာန်အိမ်ထောင်သည်ကအစ လမ်းပေါ်ကို တက်လာကြပါ့မလား။ သေနတ်နဲ့ပစ်သူက ထိပ်တိုက်တွေ့ဖို့ဖန်တီးတာလား၊ ကြွေးကြော်သံဟစ်တဲ့ လက်နက်မဲ့တွေက ထိပ်တိုက်တွေ့တာလား။

အခုနောက်ဆုံး အရေးအခင်းမှာရော။ လမ်းပေါ်မှာပရိတ်ရွတ်တဲ့လူတွေက အခြေအနေတင်းမာအောင် ဖန်တီးတာလား။ သံဃာတော်နဲ့ လူထုတွေကိုရက်ရက်စက်စက် သတ်ဖြတ်၊ ရိုက်နှက်၊ အလောင်းဖျောက်တဲ့လူတွေက တင်းမာအောင်ဖန်တီး တာလား။

ဒါကြောင့်မို့ ဗမာပြည်ရဲ့ လွတ်လပ်ရေးနောက်ပိုင်းသမိုင်းမှာ ထိပ်တိုက်တွေ့တယ်ဆိုတာဟာ အာဏာရတဲ့လူတွေကချည်း ဖန်တီးတာ၊ လည်ဆယ်တာ၊ ဆင်ခြေပေးတာဖြစ်ပါတယ်။ ဒီချုပ်ကို မသေမရှင်ရပ်တည်ခွင့်ပေးထားပြီး သူ့ခေါင်းဆောင်တွေရော ပါတီဝင်တွေကိုပါ ဖမ်းဆီးထား၊ အကျယ်ချုပ် ချုပ်ထားတာဟာ ဒီချုပ်အပေါ်မှာ ပျော့ပျောင်းတဲ့ ပေါ်လစီထားတာလို့ အဓိပ္ပာယ် ရပါသလား။ အချုပ်ခံထားရတဲ့ လူကို ချုပ်ထားတဲ့လူက ထိပ်တိုက် မတွေ့နဲ့၊ ပျော့ပျောင်းရမယ်လို့ပြောနေတာလောက် ရီစရာ ကောင်းတာ ဘယ်မှာမှမရှိပါဘူး။

တကယ်က ဗိုလ်သန်းရွှေအခုလို ဆွေးနွေးတော့မလိုလို ပြောလာရတာဟာ သံဃာတော်များနဲ့ လူထုတိုက်ပွဲကြီးကြောင့်ဖြစ်ပါတယ်။ နိုင်ငံတကာက အသိအမှတ်ပြုခဲ့တဲ့ဒီအုံကြွမှုကြီးမှာ တလှမ်းဆုတ်ပေးရာမှာ သူတို့ ဂုဏ်သိက္ခာကိုထိန်းဖို့နဲ့ ကုလသမဂ္ဂ အပါ၊ အားလုံးကိုလိမ်လည်အချိန်ဆွဲဖို့ ကြံစည်တာသာဖြစ်ပါတယ်။ ဘော့လုံးဟာ ဒေါ်အောင်ဆန်းစုကြည်ဘက်မှာ ရောက်နေပြီလို့ ပြောပြီး သူတို့လုပ်နေတဲ့ အချိန်ဆွဲလုပ်ငန်းကို ဆက်လုပ်မှာသာ ဖြစ်ပါတယ်။

နောက်တချက်က ဒေါ်အောင်ဆန်းစုကြည်ဘက်ကသာ အာမခံလိုက်ရင် အရင်က ဒါတွေလုပ်နေတယ်လို့ ဝန်ခံလိုက်သလို ဖြစ်ပြီး နောင်မှာပြဿနာဖြစ်တိုင်း ဒါကိုလက်ညှိုးထိုးအနိုင်ကျင့်တာခံရမှာပါ။

လူထုက ထိပ်တိုက်ပြန်မတွေ့သေးပဲ ရှောင်နေတာဟာ သူတို့ကိုကြောက်သွားလို့ ဗိုလ်သန်းရွှေတို့ ထင်ရင်တော့ မှားပါလိမ့်မယ်။ လူထုက သူတို့မှာပြင်ဆင်မှုပြည့်စုံတဲ့ အခါကျရင် ထိပ်တိုက်လည်းတိုးရဲကြောင်း၊ နောက်ကနေလည်း လိုက်ချရဲကြောင်း ပြသပါလိမ့်မယ်။

ရဲဘော်ဖိုးသံချောင်း